## ပံ့ပိုးလုပ်ကိုင်မည့်သူ(Supporter) မှတ်ပုံတင်ခြင်း

ယဥ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှုစင်တာ လုပ်ငန်းကို ပူးပေါင်းကူညီပေးမည့် ပံ့ပိုးလုပ်ကိုင်မည့်သူများ (Supporter) ကို အလုပ်ခေါ်လျှက်ရှိပါသည်။
နိုင်ငံတကာကူးသန်းဖလှယ်မှုကို စိတ်ဝင်စားသည့်သူများ၊ နိုင်ငံခြားဘာသာစကား ပြောနိုင်သူများ စသဖြင့် နိုင်ငံသား မရွေး လျှောက်ထားနိုင်ပါသည်။ လျှောက်ထားချိန်တွင် လို အပ်ချက်နှင့်အညီ ယဥ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှုစင်တာမှ ဆက်သွယ်ပါမည်။
နိုင်ငံခြားသား နေထိုင်သူများအပါအဝင် " နေထိုင်သူ အားလုံး" က နေထိုင်ရလွယ်ကူသည့် "Nabari မြို့" ကို အတူ အကောင်အ ထည်ဖော်ကြပါစို့လား?

### လုပ်ငန်းအကြောင်းအရာ

- ပွဲစဲသည်တို့တွင် ကူညီပေးခြင်း
- နိုင်ငံခြားသားနေထိုင်သူများ၏ နေထိုင်မှုကို ပံ့ပိုးပေးခြင်း (စကားပြန်ခြင်း၊ ဘာသာပြန်ခြင်း၊ ဆွေးနွေးတိုင်ပင်ပေး ခြင်း စသည်)

### လျှောက်ထားရမည့် နည်းလမ်း

စင်တာသို့လာရောက်ခြင်း သို့မဟုတ် ဖုန်းဖြင့် လျှောက်ထားပါ။ မှတ်ပုံတင်ကဒ် ကို စာတိုက်မှ ပို့ပေးပါမည်။




## လမ်းညွှန်







### Nabari မြို့ယဥ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု စင်တာ

518-0775
Nabari မြို့မြို့သူမြို့သား သတင်းအချက်အလက်ဖလှယ်ရေးစင်တာ အတွင်း Navarie 2 ထပ်၊
အမှတ် 19 ၊ 5 bancho Kiodai Nabari မြို့Mie ခရိုင်
ဖုန်း: 0595-64-6711
ဖက်စ်: 0595-63-5326
E-mail: tabunka@emachi-nabari.jp
URL: https://www.emachi-nabari.jp/j-koury/
လုပ်ငန်းချိန် : မနက် 9 နာရီ ~ ညနေ 5 နာရီ
စင်တာပိတ်ရက် : တနင်္လာနေ့၊ နှစ်ကုန်နှစ်ဦး ပိတ်ရက်

ミャンマー語 မြန်မာ



# Nabari မြို့ယဥ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု စင်တာ



# နိုင်ငံခြားသားနေထိုင်သူ နှင့် ဒေသခံနေထိုင်သူများ အတူတကွ နေထိုင်ရလွယ်ကူသည့် မြို့“Nabari မြို့” ကို ရည်မှန်း၍

အလုံးစုံ
အခမဲ့ ဖြစ်သည်

ယဉ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု၊ နိုင်ငံတကာ ကူးသန်းဖလှယ်မှုနှင့် စပ်လျဉ်းသည့် ကိစ္စများမှာ

Nabari မြို့ယဉ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု စင်တာ သို့!

### နိုင်ငံတကာကူးသန်းဖလှယ်မှုအပြန်အလှန် နားလည်မှု ဆိုင်ရာ ပံ့ပိုးပေးခြင်း

ဟောပြောပို့ချမှု၊ ပွဲစီစဉ်ခြင်း၊ ဟောပြောသူ မိတ်ဆက်ခြင်း စသည့် ဒေသခံနေထိုင်သူများနှင့် နိုင်ငံခြားသားနေထိုင်သူတို့၏ ကူးသန်းဖလှယ်မှုကို ပံ့ပိုးပေးမည်။



### ဆွေးနွေးတိုင်ပင်ပေးခြင်း

နိုင်ငံခြားသားနေထိုင်သူများ၏ နေထိုင်မှု၊ပညာရေး၊ ယဉ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု ဆိုင်ရာ ဒေသတည်ဆောက်မှု စသည်တို့နှင့်စပ်လျဉ်းသော ဆွေးနွေးမှုများကို တိုင်ပင်ဆွေးနွေးပေးပါမည်။




### ဘာသာစကားပေါင်းစုံဖြင့် သတင်းအချက်အလက် ပံ့ပိုးပေးခြင်း

ယဉ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု၊ နိုင်ငံတကာ ကူးသန်းဖလှယ်မှုနှင့် စပ်လျဉ်းသော သတင်းအချက်အလက်၊ နိုင်ငံခြားသားနေထိုင်သူများ၏ နေထိုင်မှုအတွက် အသုံးဝင်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်။




### စကားပြန်မှုဆိုင်ရာ ပံ့ပိုးပေးခြင်း

ဝန်ထမ်းများ၊ပံ့ပိုးလုပ်ကိုင်မည့်သူများ(Supporter) အပြင် ဘာသာပြန်စက် စသည်တို့ကို အသုံးပြု၍ ဆက်သွယ် စကားပြောခြင်းကို ပံ့ပိုးပေးပါမည်။

[ပြန်ဖြေကြားပေးမည့် ဘာသာစကား]
အင်္ဂလိပ်ဘာသာစကား၊ တရုပ်ဘာသာစကား၊ ကိုရီးယား ဘာသာစကား၊
ပေါ်တူဂီဘာသာစကား၊ စပိန်ဘာသာစကား၊ ထိုင်းဘာသာစကား၊
အင်ဒိုနီးရှားဘာသာစကား၊ ဗီယက်နမ်




### ဂျပန်ဘာသာစကား စာသင်ခန်း၊ သင်ကြားသင်ယူမှုပံ့ပိုးပေးရေး စာသင်ခန်း

နိုင်ငံခြားသားနေထိုင်သူများ၏ ကလေးများအတွက် ၊ လူကြီးများ အတွက် ဂျပန်ဘာသာစကား စာသင်ခန်းများ၊ မူလတန်းကလေး များအတွက် သင်ကြားသင်ယူမှုပံ့ပိုးပေးရေး စာသင်ခန်းတို့ကို ဖွင့်လှစ်ပါမည်။



### စာအုပ်၊စာတမ်းများ ငှားရမ်းခြင်း

ယဉ်ကျေးမှုပေါင်းစုံ အတူရှင်သန်မှု နှင့်စပ်လျဉ်းသော စာအုပ်များ၊ဂျပန်ဘာသာစကားလေ့လာမှုအတွက် သင်ကြားမှုအထောက်အကူများ၊ရုပ်သံဖိုင်များ ငှားရမ်း ခြင်း ကို ပြုလုပ်ပါမည်။




အခမဲ့Wi-Fiတပ်ဆင်ထားရှိခြင်း၊ အင်တာနက်ကြည့်ရှုဖို့ကွန်ပျူတာ။ ကလေးများအတွက်အခန်း၊ နို့တိုက်ခန်းများရှိခြင်း